# အထွေထွေနှင့်အုပ်ချုပ်ရေးဌာန

# (ကယားပြည်နယ်ဝန်ထမ်းအဖွဲ့နည်းဥပဒေများ)

# အမှတ် ၄

# ရန်ကုန်မြို့၊ ၁၃၁၇ ခု၊ ပြာသိုလပြည့်ကျော် ၃ ရက်။

# (၁၉၅၆ ခု၊ ဇန္နဝါရီလ ၃၀ ရက်။)

အမှတ် ၄။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၉၀ (၂) ပါပြဋ္ဌာန်းချက်များနှင့်အညီ၊ ကယားပြည်နယ်ဥက္ကဋ္ဌက၊ ပြဋ္ဌာန်းလိုက်သော အောက်ဖော်ပြပါ ကယားပြည်နယ်ဝန်ထမ်းအဖွဲ့ နည်းဥပဒေများကို၊ အများသိရှိပါရန် ကျေညာအပ်ပါသည်။

## ကယားပြည်နယ်ဝန်ထမ်းအဖွဲ့နည်းဥပဒေများ

## အရပ်ရပ်

၁။ ။ ဤနည်းဥပဒေများကို "**ကယားပြည်နယ်ဝန်ထမ်းအဖွဲ့နည်းဥပဒေများ**" ဟုခေါ်ရမည်။ ဤနည်း ဥပဒေများသည်၊ ၁၉၅၄ ခု၊ မတ်လ ၁ ရက်နေ့တွင်စတင်အာဏာတည်ရမည်။ ကယားပြည်နယ်ဝန်ထမ်း တွင် ယခင်က ခန့်ထားသည့် ယာယီ အရာရှိများမှတပါး၊ အခြားအရာရှိအားလုံးကို ဤနည်းဥပဒေများ အရခန့်ထားသည်ဟု မှတ်ယူရမည်။

၂။ ။ နောက်တွင် "ဝန်ထမ်း" ဟုရည်ညွှန်းသည့် ကယားပြည်နယ် ဝန်ထမ်းအဖွဲ့တွင် အထက်တန်းအုပ် ချုပ်ရေးရာထူးများ၊ အောက်တန်းအုပ်ချုပ်ရေးရာထူးများ၊ အရွေးအချယ်ခံအဆင့်အတန်း၊ အထက်တန်း နှင့် အောက်တန်းရာထူးများပါဝင်ရမည်။ ခွင့်ပြုထားသည့်ဝန်ထမ်း အရာရှိဦးရေ၊ ဝန်ထမ်းနှင့် သက်ဆိုင် သည့်ရာထူးနှင့် ရာထူးအဆင့်အတန်းအမျိုးမျိုးအတွက် လစာနှုန်းများမှာ ဤနည်းဥပဒေများ၏ ပူးတွဲပါ ဇယားတွင် ဖော်ပြထားသည့်အတိုင်းဖြစ်ရမည်။

၃။ ။ ဝန်ထမ်းတွင်ခန့်ထားရန်အတွက် အရာရှိများကို ရွေးချယ်ရန် "ကယားပြည်နယ်ဝန်ထမ်းရွေးချယ် ရေးဘုတ်အဖွဲ့" တခုကို ဖွဲ့စည်းရမည်။ ၎င်းဘုတ်အဖွဲ့တွင် ကယားပြည်နယ်ဥက္ကဋ္ဌက၊ သဘာပတိအဖြစ် ဆောင်ရွက်၍၊ ပြည်နယ်ကောင်စီမှ ကောင်စီအမတ် ၂ ဦးနှင့်အကြံပေးပုဂ္ဂိုလ် ၂ ဦးပါရှိစေရမည်။ ကယား ပြည်နယ်အစိုးရအတွင်းဝန်သည်၊ အဆိုပါဘုတ်အဖွဲ့၏အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၄။ ။ ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းမထားသောကိစ္စ အရပ်ရပ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံ တော်အစိုးရက ပြဋ္ဌာန်းသည့် မြန်မာနိုင်ငံဝန်ထမ်းအဖွဲ့ နည်းဥပဒေများကို လိုက်နာနိုင်သမျှ လိုက်နာရ မည်။

၅။ ။ ဤနည်းဥပဒေများကို လိုက်နာဆောင်ရွက်ရာ၌ဖြစ်စေ၊ အဓိပ္ပါယ်ကောက်ယူရာ၌ဖြစ်စေ အခက်အခဲ တခုခုရှိလျှင် ပြည်နယ်ဥက္ကဋ္ဌ၏ အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်ရမည်။

## အခန်း က



Myanmar Law Information System (MLIS)

**အထက်တန်းနှင့်အောက်တန်းအုပ်ချုပ်ရေးရာထူးများနှင့် အရွေးအချယ်ခံအဆင့်အတန်းရာထူးများ**

၆။ ။ ဝန်ထမ်းရှိ အထက်တန်းနှင့် အောက်တန်းအုပ်ချုပ်ရေးရာထူးများကို အရွေးအချယ်ခံအဆင့်အတန်း ရာထူးများရှိ အရာရှိများအား၊ ရာထူးတိုးမြှင့်ပေးခြင်းဖြင့် ဖြည့်သွင်းရမည်။ ထိုသို့ ရာထူးတိုးမြှင့်ပေး ခြင်း၌၊ အရာရှိများ၏ အရည်အချင်းပြည့်ဝမှုကို အဓိကထားပြီး ရွေးချယ်ရမည်။ အကယ်၍အရည် အချင်းပြည့်ဝမှု ညီတူညီမျှဖြစ်နေမှသာလျှင်၊ အမှုထမ်းသက်ကြီးရင့်ခြင်းကို ထည့်သွင်းစဉ်းစားရမည်။

၇။ ။ ဝန်ထမ်းရှိ အရွေးအချယ်ခံ အဆင့်အတန်းရာထူးများကို ဝန်ထမ်းအထက်တန်းအရာရှိများအား၊ ရာထူးတိုးမြှင့်ပေးခြင်းဖြင့် ဖြည့်သွင်းရမည်။ ရာထူးတိုးမြှင့်ပေးရန် အရည်အချင်းများမှာ အောက်ပါအ တိုင်းဖြစ်ရမည်။

(က) အရပ်ရပ်တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်သည့် အရည်အချင်း၊

(ခ) ရာထူးနှင့်သက်ဆိုင်သည့် အလုပ်ဝတ္တရားကို စွမ်းဆောင်နိုင်ခြင်း၊ ထို့ပြင်

(ဂ) အမှုထမ်းသက်ကြီးရင့်ခြင်း။

**မှတ်ချက်**။ ။ အထက်ပါ (က) (ခ) နှင့် (ဂ) တွင်ဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်၍ သင့် တော်သောအရာရှိကို မရနိုင်လျှင်၊ အရွေးအချယ်ခံအဆင့်အတန်းတွင် လစ်လပ်သော ရာထူး၌ ကယား ပြည်နယ်ဝန်ထမ်းအဖွဲ့ဝင်မဟုတ်သောသူကို ယာယီဖြစ်စေ၊ အမြဲတန်းဖြစ်စေ ပြည်နယ်ဥက္ကဋ္ဌ၏ သဘော တူညီချက်ဖြင့် ဖြည့်သွင်းနိုင်သည် (ထိုသို့ဖြည့်သွင်းရန် ပြည်ထောင်စုအစိုးရ၏ မြန်မာနိုင်ငံဝန်ထမ်း အဖွဲ့ဝင်တဦးဦးကို၊ ပြည်နယ်ဝန်ထမ်းအဖွဲ့တွင် ခန့်ထားနိုင်သည်)။

## အခန်း ၂

## ဝန်ထမ်းအထက်တန်း

### အပိုင်း ၁

### ရာထူးခန့်ထားခြင်း

၈။ ။ ဝန်ထမ်းအထက်တန်းတွင် အရာရှိများကို အောက်ပါအတိုင်းခန့်ထားရမည်။

(က) အပြိုင်အရွေးခံစေပြီးနောက်၊ တိုက်ရိုက်ခန့်ထားခြင်း၊ ထို့ပြင်

(ခ) ဝန်ထမ်းအောက်တန်းအရာရှိများကို ရာထူးတိုးမြှင့်၍ ခန့်ထားခြင်း။

**မှတ်ချက်**။ ။ ရာထူးခန့်ထားရေးကိစ္စအရပ်ရပ်ကို၊ ကယားပြည်နယ်ဝန်ထမ်း ရွေးချယ်ရေးဘုတ်အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ပြီးမှ ပြုလုပ်ရမည်။ ထိုရွေးချယ်ရေးဘုတ်အဖွဲ့သည် အပြိုင်ရွေးချယ်ခြင်းကို ပြုလုပ်ရမည့် ပြင် ဝန်ထမ်းအထက်တန်းတွင် ခန့်ထားရမည့် အရာရှိများကို ရွေးချယ်ရာ၌ အကူအညီရအောင် မိမိတို့ သင့်တော်မည်ထင်မြင်သည့် ရေးဖြေစာမေးပွဲကိုသော်၎င်း၊ နှုတ်ဖြင့်ဖြေစာမေးပွဲကိုသော်၎င်း၊ ရေးဖြေစာ မေးပွဲနှင့်နှုတ်ဖြေစာမေးပွဲနှစ်ရပ်စလုံးကို သော်၎င်း ပြဋ္ဌာန်းနိုင်သည်။

၉။ ။ ဝန်ထမ်းအထက်တန်းတွင် လစ်လပ်သောနေရာများအနက်၊ ထက်ဝက်ကို ဝန်ထမ်းအောက်တန်း မှရာထူးတိုးမြှင့်ပေးခြင်းဖြင့် ဖြည့်သွင်း၍၊ ကျန်တဝက်ကို တိုက်ရိုက်ခန့်ထားခြင်းဖြင့် ဖြည့်သွင်းရ မည်။



Myanmar Law Information System (MLIS)

သို့ရာတွင်တိုက်ရိုက်ခန့်ထားရန် အရွေးခံသူများနှင့် ယှဉ်ပြိုင်အရွေးခံသော ဝန်ထမ်းအောက်တန်း ဝင်တဦးကို လစ်လပ်သောရာထူးတွင် ဖြည့်သွင်းလျှင် ဤနည်းဥပဒေပါကိစ္စအလို့ငှါ ထိုဝန်ထမ်းအောက် တန်းဝင်အား၊ တိုက်ရိုက်ခန့်ထားသည်ဟု မှတ်ယူရမည်။ ဝန်ထမ်းအထက်တန်းသို့ တိုက်ရိုက်ခန့်ထားရန် အရည်အချင်းနှင့်ပြည့်စုံသူဦးရေမှာ ထိုသို့ဖြည့်သွင်းရန်လိုသော ရာထူးအရေအတွက်ထက်နည်းလျှင်၊ ပြည်နယ်ဥက္ကဋ္ဌသည်၊ သာမန်အားဖြင့် တိုက်ရိုက်ခန့်ထားရန် လစ်လပ်သော ကျန်ရာထူးများကို ရာထူး တိုးမြှင့်ခြင်းဖြင့် ဖြည့်သွင်းစေနိုင်သည်။

၁၀။ ။ နည်းဥပဒေ ၈ (က) အရ၊ ရာထူးအတွက်လျှောက်ထားသူသည်-

(၁) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၁ တွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ရာထူးလျှောက်ထားသည့်နှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၁ နှစ်ပြည့်၍၊ အသက် ၂၇ နှစ် မပြည့်သေးသူဖြစ်ရမည်။

**မှတ်ချက်**။ ။ (၁) လျှောက်ထားသူအသီးသီးသည်၊ ကယားပြည်နယ်ဝန်ထမ်း ရွေးချယ်ရေးဘုတ်အဖွဲ့က ပြဋ္ဌာန်းသည့် အသက်နှင့် စပ်လျဉ်းသော သက်သေခံအထောက်အထားကို တင်ပြရမည်။

(၂) ပြည်နယ်ဥက္ကဋ္ဌသည်၊ အကျိုးခံစားထိုက်သည်ဟု ယူဆသောသူများအတွက် အထက်ပိုင်းအသက် ကန့်သတ်ချက်ကို လျှော့ပေါ့စေနိုင်သည်။

(၃) ရန်ကုန်တက္ကသိုလ်ကဖြစ်စေ၊ အခြားအသိအမှတ်ပြုထားသောတက္ကသိုလ်ကဖြစ်စေ ကျင်းပသည့် ဥပစာတန်းစာမေးပွဲကို အောင်မြင်သူဖြစ်ရမည်။

(၄) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။ ထို့ပြင် ကျန်းမာခြင်းစစ်ဆေးရေးဘုတ်အဖွဲ့ရှေ့သို့လာ ရောက်အစစ်အဆေးခံ၍ ထိုအဖွဲ့က အမှုထမ်းရွက်ရန် ကျန်းမာစွာရှိကြောင်း ထုတ်ပေးသော သက်သေခံ လက်မှတ်ရရှိသူဖြစ်ရမည်။

## အပိုင်း ၂

## အမှုထမ်းစည်းကမ်းချက်များ

၁၁။ ။ နည်းဥပဒေ ၈ (က)အရ ခန့်ထားခြင်းခံရသူအသီးသီးကို အစမ်းသဘောဖြင့်သာ ခန့်ထား၍-

(က) အစမ်းခန့်ကာလ နှစ် နှစ်ပြည့်အောင်အမှုမထမ်းရွက်ရသေးလျှင်၎င်း၊

(ခ) အခါအားလျော်စွာ ပြဋ္ဌာန်းထားသည့် လက်တွေ့သင်တန်းကို ကျေနပ်ဘွယ်ဖြစ်လောက်အောင် မပြီး ဆုံးသေးလျှင်၎င်း၊

(ဂ) အခါအားလျော်စွာပြဋ္ဌာန်းထားသည့် သင်ရိုးသင်တန်းများနှင့် ဌာနဆိုင်ရာစာမေးပွဲများကို ကျေနပ် ဘွယ်ဖြစ်လောက်အောင် မပြီးဆုံးမအောင်မြင်သေးလျှင်၎င်း၊

(ဃ) မြေတိုင်းနှင့် မြေစာရင်းဘက်ဆိုင်ရာ စာမေးပွဲကို မအောင်မြင်သေးလျှင်၊ သို့တည်းမဟုတ် ထိုစာ မေးပွဲကို ဖြေဆိုရခြင်းမှ ကင်းလွတ်ခွင့်မရလျှင်၎င်း၊

(င) မိမိအထက်အရာရှိများက အမြဲခန့်ထားရန် သင့်တော်ကြောင်းဖြင့် အစီရင်မခံသေးလျှင်၎င်း ရာထူး တွင်အမြဲတန်းမခန့်ထားရ။



Myanmar Law Information System (MLIS)

သို့ရာတွင် ဝန်ထမ်းအထက်တန်းသို့ တိုက်ရိုက်ခန့်ထားခြင်းခံရသည့် ဝန်ထမ်းအောက်တန်းအရာရှိဖြစ် ၍ အခြားစည်းကမ်းချက်များနှင့် ညီညွတ်လျှင် အစမ်းခန့်ကာလ အပိုင်းအခြားကို လျှော့ပေါ့ရမည်၊ သို့တည်းမဟုတ် လုံးဝလျော်ပစ်ရမည်။

၁၂။ ။ ပြည်နယ်ဥက္ကဋ္ဌသည်၊ အစမ်းခန့်ထားသည့် အရာရှိတဦးအား၊ အကျဉ်းချုပ်နည်းဖြင့် ၎င်း၏ရာထူး မှအချိန်မရွေးနုတ်ပယ်၍ ထိုအရာရှိလက်ရှိထားခွင့်ရသော ရာထူးရှိလျှင် ထိုရာထူးတွင်ပြန်၍ ထမ်းရွက် စေနိုင်သည်။ နည်းဥပဒေ ၈ (က) အရ၊ ဝန်ထမ်းအထက်တန်းတွင် ခန့်ထားခြင်းခံရသည့် အရာရှိမှာ ရာထူးခန့်ထားခြင်းခံရသည့်နေ့ရက်မှ သုံးနှစ်အတွင်း၊ အမြဲတန်းခန့်ထားခြင်းမခံရသေးလျှင်၊ ထိုအာဏာ ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ ပြည်နယ်ဥက္ကဋ္ဌသည်၊ သာမန်အားဖြင့် မိမိသင့်သည်ထင်မြင် သည့်အတိုင်းအရေးယူနိုင်သည်။

**မှတ်ချက်**။ ။ အထက်ပါအပိုဒ် ၁၀ နှင့် ၁၁ တွင်ပါသောပြဋ္ဌာန်းချက်များသည်၊ ဤနည်းဥပဒေများအာ ဏာမတည်မီက နယ်ခြားဝန်ထောက်များအဖြစ်ဖြင့် အမြဲတန်းခန့်ထားခြင်းခံရသူများနှင့် မသက်ဆိုင်။

၁၃။ ။ ဝန်ထမ်းအောက်တန်းမှ အထက်တန်းသို့ တိုးမြှင့်ခန့်ထားရန် အရည်အချင်းမှာ အောက်ပါအတိုင်း ဖြစ်ရမည်။

(၁) အရပ်ရပ်တာဝန်ဝတ္တရားကို ဆောင်ရွက်နိုင်သည့်အရည်အချင်း၊

(၂) ရာထူးနှင့်သက်ဆိုင်သည့် အလုပ်ဝတ္တရားကို စွမ်းဆောင်နိုင်ခြင်း၊ ထို့ပြင်

(၃) အမှုထမ်းသက်ကြီးရင့်ခြင်း။

၁၄။ ။ (၁) နည်းဥပဒေ ၈(က) အရ၊ ဝန်ထမ်းအထက်တန်းတွင် တိုက်ရိုက်ခန့်ထားခြင်း ခံရသူများ၏ ရာထူးအဆင့်အတန်းကို ဝန်ထမ်းအထက်တန်းသို့ခန့်ထားရန် အပြိုင်အရွေးအချယ်ခံရာတွင် အရည် အချင်းအလိုက် ရရှိသည့် အခြေအနေနှင့်လျော်ညီစွာ ပြုလုပ်ရမည်။

သို့ရာတွင် ထိုကဲ့သို့ရာထူးအဆင့်အတန်းသတ်မှတ်ခြင်းကို နည်းဥပဒေ ပုဒ်မ ၁၁ အရဆုံးဖြတ်ပြဋ္ဌာန်း သည်နှင့် လျော်ညီအောင်ပြင်ဆင်နိုင်သည်။

(၂) နည်းဥပဒေ ၈ (ခ) အရ၊ ဝန်ထမ်းအထက်တန်းသို့ တိုးမြှင့်ခန့်ထားခြင်းခံရသူ၏ ရာထူးအဆင့်အ တန်းကို တနှစ်ထည်းတွင် နည်းဥပဒေ ၈ (က) အရ၊ တိုက်ရိုက်ခန့်ထားခြင်းခံရသူအားလုံးအထက်၌ တိုက်ရိုက်ထားရှိရမည်။

၁၅။ ။ အစမ်းခန့်အရာရှိများမှာ နှစ်တိုးလစာနှင့်တကွ၊ သတ်မှတ်ထားသော လစာနှုန်းတွင် အနည်းဆုံး လစာကိုသာ ရရှိရမည်။ ထိုအရာရှိများအား၊ ရာထူးတွင်အမြဲတန်းမခန့်ထားသေးသမျှကာလပတ်လုံး ထိုလစာနှုန်းတွင် နှစ်တိုးလစာများကို နှစ် နှစ်အတွက်ထက်ပို၍ ထုတ်ယူခွင့်မပြုရ။ ရာထူးတွင် အမြဲ တန်းခန့်ထားသည့်အခါ၊ ထိုအရာရှိများ၏ လစာကို ထိုလစာနှုန်းတွင် ၎င်းတို့သာမန်အားဖြင့် ရောက်ရှိ မည့် အဆင့်၌သတ်မှတ်ရမည်။ သို့ရာတွင်ထိုသို့ ရရှိသည့်နှစ်တိုးလစာများအတွက် မထုတ်ယူခဲ့ရသော ကျန်ငွေကို ထုတ်ယူခွင့်မပြုရ။

၁၆။ ။ ဝန်ထမ်းအထက်တန်းတွင် အမှုထမ်းရွက်သူ မည်သူမျှအစိုးရ၏ သီးခြားအခွင့်အမိန့်မရဘဲ လစာ ငွေကို တလလျှင် ကျပ် ၄၀၀ နှုန်းထက်ပို၍ ထုတ်မယူရ။ ထိုသီးခြား အခွင့်အမိန့်ကို-

(က) ထိုသူ၏ အလုပ်အကိုင်နှင့် အပြုအမူကျေနပ်ဖွယ်ရှိမှသာလျှင်၊

Myanmar Law Information System (MLIS)

(ခ) အထက်တန်းဖြင့် အောင်မြင်ရမည့် ဌာနဆိုင်ရာ စာမေးပွဲများရှိလျှင်၊ ထိုစာမေးပွဲအားလုံးကို ထိုသူ အောင်မြင်မှသာလျှင်၊ သို့တည်းမဟုတ် အစိုးရက ထိုသူအားထိုသို့စာမေးပွဲအောင်ရမည့် တာဝန်များမှ သီးခြားကင်းလွတ်ခွင့်ပြုမှသာလျှင်၊ ထို့ပြင်

(ဂ) ဝန်ထမ်းအထက်တန်းတွင် ရာထူးတခုခုကို ထမ်းရွက်နိုင်သည့် အရည်အချင်းရှိသည်ဟု ထိုသူအား ယူဆမှသာလျှင် ပေးရမည်။

**အခန်း ဂ**

**ဝန်ထမ်းအောက်တန်း**

**အပိုင်း ၁**

**ရာထူးခန့်ထားခြင်း**

၁၇။ ။ ဝန်ထမ်းအောက်တန်းတွင် အရာရှိများကို အောက်ပါအတိုင်းခန့်ထားရမည်။

(က) အပြိုင်အရွေးခံစေပြီးနောက် တိုက်ရိုက်ခန့်ထားခြင်း၊ ထို့ပြင်

(ခ) အစိုးရဌာနအားလုံးတွင် အမှုထမ်းရွက်လျက်ရှိသော စာရေးစာချီများကို ရွေးချယ်ခန့်ထားခြင်း။

**မှတ်ချက်**။ ။ ရာထူးခန့်ထားရေး ကိစ္စအရပ်ရပ်ကို ကယားပြည်နယ်ဝန်ထမ်း ရွေးချယ်ရေးဘုတ်အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ပြီးမှ ပြုလုပ်ရမည်။

ထိုရွေးချယ်ရေးဘုတ်အဖွဲ့သည်၊ အပြိုင်ရွေးချယ်ခြင်းကို ပြုလုပ်ရမည့်ပြင် ဝန်ထမ်းအောက်တန်းတွင် ခန့်ထားရမည့် အရာရှိများကို ရွေးချယ်ရာ၌ အကူအညီရအောင် မိမိတို့သင့်တော်သည် ထင်မြင်သည့် ရေးဖြေစာမေးပွဲကိုသော်၎င်း၊ နှုတ်ဖြေစာမေးပွဲကိုသော်၎င်း၊ ရေးဖြေစာမေးပွဲနှင့် နှုတ်ဖြေစာမေးနှစ်ရပ်စ လုံးကိုသော်၎င်း ပြဋ္ဌာန်းနိုင်သည်။

၁၈။ ။ ဝန်ထမ်းအောက်တန်းတွင် လစ်လပ်သောရာထူးများအနက်၊ ၇၅ ရာခိုင်နှုန်းကို တိုက်ရိုက်ထား ခြင်းဖြင့် ဖြည့်သွင်း၍ကျန် ၂၅ ရာခိုင်နှုန်းကို ရွေးချယ်ခန့်ထားခြင်းဖြင့်၎င်း ဖြည့်သွင်းရမည်။ သို့ရာတွင် ဝန်ထမ်းအောက်တန်းရာထူးသို့ တိုက်ရိုက်ခန့်ထားရန် အရည်အချင်းနှင့် ပြည့်စုံသူအရေအတွက်မှာ ထိုကဲ့ သို့ဖြည့်သွင်းရန် လစ်လပ်သော ရာထူးအရေအတွက်အောက်နည်းလျှင် ပြည်နယ်ဥက္ကဋ္ဌသည်၊ သာမန် အားဖြင့် တိုက်ရိုက်ခန့်ထားရန် လစ်လပ်သော ကျန်ရာထူးများကို ရွေးချယ်ခန့်ထားခြင်းဖြင့် ဖြည့်သွင်း စေနိုင်သည်။

၁၉။ ။ နည်းဥပဒေ ၁၇ (က) အရ၊ ရာထူးလျှောက်ထားသူသည်-

(က) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁ တွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ရာထူးလျှောက်ထားသည့်နှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၁ နှစ်အောက်မလျော့စေရ၊ သို့တည်းမဟုတ် အသက် ၂၇ နှစ်ထက်မပိုစေရ။ သို့ရာတွင်အစိုးရအမှုထမ်းများဖြစ်လျှင် အထက်ပိုင်း အသက်အကန့်အသတ်မှာ ၃၂ နှစ်ဖြစ်ရမည်၊

(ဂ)အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်၊

(ဃ) ရန်ကုန်တက္ကသိုလ်ကဖြစ်စေ၊ အခြားအသိအမှတ်ပြုထားသော စာမေးပွဲ၊ သို့မဟုတ် တက္ကသိုလ်ဝင်စာမေးပွဲကိုအောင်မြင်သူဖြစ်ရမည်၊ ထို့ပြင်

(င) ဝန်ထမ်းတွင် အမှုထမ်းရွက်ရန် ကိုယ်လက်ကျန်းမာကြောင်းဖြင့် စီဗီဆာဂျင် (Civil Surgeon)၊ သို့တည်းမဟုတ် ခရိုင်တာဝန်ခံဆရာဝန်ကြီးက သတ်မှတ်ထားသည့် ပုံစံအတိုင်းထုတ်ပေးသော သက်သေခံလက်မှတ်ရရှိသူဖြစ်ရမည်။

၂၀။ ။ နည်းဥပဒေ ၁၇ (ခ) အရ၊ ရာထူးလျှောက်ထားသူသည်-

(က) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁ တွင်အဓိပ္ပါယ်ဖေါ်ပြထားသည့်အတိုင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ရာထူးလျှောက်ထားသည့်နှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၁ နှစ်အောက်မလျော့စေရ၊ သို့တည်းမဟုတ် အသက် ၄၀ ထက်မပိုစေရ၊

(ဂ) အစိုးရလက်အောက်တွင် အဆက်မပြတ် ငါးနှစ်အောက်မနည်း အမှုထမ်းသက်ရှိသူဖြစ်ရမည်၊

(ဃ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်၊

(င) မိမိအမှုထမ်းရွက်သည့် ရုံးအကြီးအမှူးက ထောက်ခံသူဖြစ်ရမည်၊ ထို့ပြင်

(စ) ဝန်ထမ်းတွင်အမှုထမ်းရွက်ရန်၊ ကိုယ်လက်ကျန်းမာကြောင်းဖြင့်စီဗီဆာဂျင်၊ သို့တည်းမဟုတ် ခရိုင်တာဝန်ခံဆရာဝန်ကြီးက သတ်မှတ်ထားသည့်ပုံစံအတိုင်းထုတ်ပေးသော သက်သေခံလက်မှတ်ရရှိသူ ဖြစ်ရမည်။

## အပိုင်း ၂

## အမှုထမ်းစည်းကမ်းချက်များ

၂၁။ ။ ရာထူးခန့်ထားခြင်းခံရသည့် အရာရှိအသီးသီးကို အစမ်းသဘောဖြင့်သာခန့်ထား၍-

(က) အစမ်းခန့်ကာလ နှစ်နှစ်ပြည့်အောင် အမှုမထမ်းရွက်ရသေးလျှင်၊

(ခ) အခါအားလျော်စွာ ပြဋ္ဌာန်းထားသည့် လက်တွေ့သင်တန်းကို ကျေနပ်ဖွယ်ဖြစ်လောက်အောင် မပြီး ဆုံးသေးလျှင်၊

(ဂ) အခါအားလျော်စွာ ပြဋ္ဌာန်းထားသည့် သင်ရိုးသင်တန်းများနှင့် ဌာနဆိုင်ရာစာမေးပွဲများကို ကျေနပ်ဖွယ်ဖြစ်လောက်အောင် မပြီးဆုံးမအောင်မြင်သေးလျှင် ရာထူးတွင်အမြဲမခန့်ထားရ။

၂၂။ ။ ပြည်နယ်ဥက္ကဋ္ဌသည်၊ အစမ်းခန့်ထားသည့် အရာရှိအား၊ အကျဉ်းချုပ်နည်းဖြင့် ရာထူးမှ အချိန်မ ရွေးနုတ်ပယ်နိုင်သည်၊ သို့တည်းမဟုတ် ထိုအရာရှိလက်ရှိထားခွင့်ရသော ရာထူးရှိလျှင် ထိုရာထူးတွင် ပြန်၍ထမ်းရွက်စေနိုင်သည်။ အရာရှိမှာ ခန့်ထားသည့်နေ့ရက်မှ သုံးနှစ်အတွင်း အမြဲတန်းခန့်ထားခြင်း မခံရလျှင် ထိုနည်းဥပဒေ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ ပြည်နယ်ဥက္ကဋ္ဌသည် သာမန်အားဖြင့် မိမိသင့်သည်ထင်မြင်သည့်အတိုင်း အရေးယူရမည်။

**မှတ်ချက်**။ ။ အထက်ပါအပိုဒ် ၁၉၊ ၂၀၊ ၂၁ တွင် ပါသောပြဋ္ဌာန်းချက်များသည်၊ ဤနည်းဥပဒေများ အာဏာမတည်မီက မြို့အုပ်များအဖြစ်ဖြင့် အမြဲတန်းခန့်ထားခြင်း ခံရသူများနှင့် မသက်ဆိုင်။

၂၃။ ။ အစမ်းခန့်အရာရှိများမှာ နှစ်တိုးလစာနှင့်တကွ သတ်မှတ်ထားသော လစာနှုန်းတွင်အနည်းဆုံး လစာကိုသာ ရရှိရမည်။ ထိုအရာရှိများအား၊ ရာထူးတွင်အမြဲတန်းမခန့်ထားသေးသမျှကာလပတ်လုံး၊ ထိုလစာနှုန်းတွင် နှစ်တိုးလစာများကို နှစ်နှစ်အတွက်ထက်ပို၍ ထုတ်ယူခွင့်မပြုရ။ ရာထူးတွင် အမြဲတန်းခန့်ထားသည့်အခါ၊ ထိုအရာရှိများ၏ လစာကို

Myanmar Law Information System (MLIS)

ထိုလစာနှုန်းတွင်သာမန်အားဖြင့် ရောက်ရှိမည့် အဆင့်၌ သတ်မှတ်ရမည်၊ သို့ရာတွင် ထိုသို့ရရှိသည့် နှစ်တိုးလစာများအတွက် မထုတ်ယူခဲ့ရသော ကျန်ငွေကိုထုတ်ယူခွင့်မပြုရ။

၂၄။ ။ ဝန်ထမ်းအောက်တန်းအရာရှိတဦးအား၊ ဝန်ထမ်းအထက်တန်းတွင် ပါဝင်သည့်ရာထူး၌ခန့်ထား သည့်အခါ၊ ထိုအရာရှိသည် အထက်တန်းတွင် ခေတ္တအမှုထမ်းရွက်၍ လစာကိုအထက်တန်းရာထူးနှင့် သက်ဆိုင်သည့်လစာနှုန်းအတိုင်း ထုတ်ယူရမည်။

အမိန့်အရ၊

မြတ်စိုး၊

အတွင်းဝန်၊ ကယားပြည်နယ်အစိုးရ။

----- **Attachment** -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ဇယား [နည်းဥပဒေ အပိုဒ် ၂ ကိုကြည့်။] ကယားပြည်နယ်ဝန်ထမ်းတွင် ပါဝင်သည့်ရာထူးများ အထက်တန်းအုပ်ချုပ်ရေးအရာရှိ ရာထူး (ကျပ် ၁,၆၀၀)

Myanmar Law Information System (MLIS)